## ရည်ရွယ်ချက်

ပုဂ္ဂိုလ်စုအခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်ရန် သတ် မှတ်ပေးသည့်ရုံးတွင် ပေးဆောင်ရန် အခက်အခဲရှိခြင်းကြောင့် အခွန်ရုံး ပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းလွယ်ကူစွာ သိရှိစေရန် ရည်ရွယ်ပါသည်။

## အခွန်ရုံးပြောင်းလဲစည်းကြပ်ခွင့်ပြုခြင်း

- ☆ အခွန်ထမ်းမှ အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်ထား၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ချမှတ်ထားသော "မူ" နှင့် ကိုက်ညီသဖြင့် ခွင့်ပြုခြင်း၊
- ☆ အခွန်ထမ်းက လျှောက်ထားခြင်းမပြုသော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနမှချမှတ်ထားသော"မူ"အရ အခွန်ရုံးပြောင်းရွှေ့ စည်းကြပ်ခံယူရန်လိုအပ်သဖြင့် အခွန်ထမ်းအားအခွန်ရုံးပြောင်းလဲ စည်းကြပ်ခံယူစေခြင်း၊
- ☆ ပြည်တွင်းအခွန်များဦးစီးဌာန မှ ချမှတ်ထားသော "မူ" နှင့် မကိုက်ညီပါက ခွင့်ပြုမည်မဟုတ်ပါ၊

## အခွန်ရုံးပြောင်းလဲစည်းကြပ်ခွင့်ပြုရန် လျှောက်ထားနိုင်သည့် အခြေခံအချက်များ

- ☆ အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်ထားရာတွင် မည်သည့်အတွက်ကြောင့် ပြောင်းရွှေ့လိုသည်ကို မဖြစ်မနေဖော်ပြရပါမည်။ ဥပမာ–
    - ★ လုပ်ငန်းတည်နေရာပြောင်းလဲထားခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)တွင် ဆောင်ရွက်ပြီးဖြစ်ခြင်း၊
    - ★ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊
    - ★ လုပ်ငန်းပမာဏပြောင်းလဲခြင်း၊
    - ★ အခြားသောအခက်အခဲများ၊
- ☆ ခိုင်လုံသောအကြောင်းပြချက်မရှိပါက အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်လျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ပါ၊




© CanStockPhoto.com - csp20618741

## လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ

- ☆ စည်းကြပ်မှုခံယူလျက်ရှိသည့် ကုမ္ပဏီအခွန်ထမ်းများအနေဖြင့်
    - ★ အခွန်ရုံး ပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် သတ်မှတ်လျှောက်လွှာ၊
    - ★ အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (မိတ္တူ)
    - ★ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊
    - ★ ကုမ္ပဏီ Extract Form (မိတ္တူ)၊
    - ★ အခွန်စည်းကြပ်မှုပြီးပြတ်သည့်ကာလအထိ အခွန်ပေးသွင်းပြီးကြောင်း အထောက်အထား၊
    - ★ ယခင်နှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများ(မိတ္တူ)၊
    - ★ အခွန်ထမ်းကိုယ်တိုင်လာရောက်လျှောက်ထားခြင်း မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာ (အထူးကပ်တံဆိပ်ခေါင်း ၃၀၀ ကျပ်တန် ကပ်နှိပ်၍)
- ☆ မည်သည့်အတွက်ကြောင့် ပြောင်းလဲစည်းကြပ်ခံယူလိုကြောင်း ခိုင်လုံသော အကြောင်းပြချက် အပြည့်အစုံ၊

## လျှောက်လွှာပုံစံရယူခြင်း

- ☆ လျှောက်လွှာပုံစံများကို –
    - ★ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm >> Media >> Forms for SAS Office တွင် Download ရယူ၍သော်လည်းကောင်း၊
    - ★ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTPSU)နှင့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ဆက်သွယ်ရယူနိုင်ပါသည်။




## လျှောက်ထားရမည့် အချိန်ကာလ

- ☆ လက်ရှိအခွန်တာဝန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်း ဖြစ်ပါက–
    - ★ ပြောင်းလဲစည်းကြပ်မှုခံယူလိုသည့် စည်းကြပ်နှစ်မတိုင်မီတစ်လ၊
- ☆ အခွန်ထမ်းမှတ်ပုံတင်အသစ် လျှောက်ထားသူများဖြစ်ပါက–
    - ★ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralized Taxpayer Service Unit – CTPSU) မှ အခွန်ထမ်းမှတ်ပုံတင်အမှတ်နှင့်အတူ အခွန်ထမ်းဆောင်ရမည့်ရုံး သတ်မှတ်ချက်အကြောင်းကြားစာကိုအခွန်ထမ်းက လက်ခံရရှိသည့်နေ့မှတစ်လအတွင်း။

## ပေးပို့လျှောက်ထားရမည့်ရုံး

- ☆ အခွန်ရုံး ပြောင်းလဲစည်းကြပ်မှုခံယူလိုသော အခွန်ထမ်းကုမ္ပဏီများ အနေဖြင့် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(CTPSU)၊ အမှတ် ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်၊
- ☆ ရန်ကုန်တိုင်းဒေသကြီးမှအပ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများဖြစ်ပါက သက်ဆိုင်ရာ အခွန်စည်းကြပ်မှုခံယူနေသည့်ရုံးသို့ လျှောက်ထားနိုင်ပါသည်။

## လျှောက်ထားနိုင်သည့်နည်းလမ်းများ

- ☆ လူကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊
- ☆ စာတိုက်မှပေးပို့လျှောက်ထားခြင်း၊
- ☆ <u>အီးမေးလ် (e-mail) ဖြင့် ပေးပို့လျှောက်ထားခြင်း</u>

  အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ctpsuird@gmail.com သို့ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာမူရင်းအား သင့်ရာနည်းဖြင့် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(CTPSU)သို့ ပေးပို့ရန်၊

## အကြောင်းပြန်ကြားခြင်း

- ☆ အခွန်ထမ်း၏လျှောက်လွှာ လက်ခံရရှိပါက တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြသွားမည်ဖြစ်ပါသည်၊
- ☆ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTPSU)/ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ခံအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်နှင့်အညီ အခွန်ရုံး ပြောင်းလဲစည်းကြပ်ခံယူခွင့်ပြု/မပြု ဆောလျင်စွာ အကြောင်းပြန် ကြားသွားမည် ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အကောက်များကို ဥပဒေနှင့်အညီ ပေးဆောင်ကြပါသော အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား အထူးကျေးဇူးတင်ရှိပါသည်။

*ပြည်တွင်းအခွန်များဦးစီးဌာန*




အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်-၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ (ရန်ကုန်မြို့)၊ ဖုန်း- ၀၁-၈၃၈၉၃၁၁၊ ဖုန်း ၀၁-၈၃၈၉၃၂၂၊ ၀၁-၃၇၈၃၇၀ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေးမြို့)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပုဂ္ဂလိကစုအခွန်ထမ်းများအနေဖြင့် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**